ဦးပိုင်နှင့် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းတို့၏ မြန်မာနိုင်ငံစီးပွားရေးအပေါ် ချုပ်ကိုင်ထားမှု (သုတေသီ မောင်တင့်တယ်)

05/12/2012

UME HOLDINGS
UNION OF MYANMAR ECONOMIC HOLDINGS LIMITED

ဦးပိုင်အစ

၁။ ၁၉၉၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၁၉ ရက်နေ့တွင် ထိုအချိန်က နဝတ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက် ရေးအဖွဲ့) အစိုးရ ကုန်သွယ်ရေးဝန်ကြီးဌာနက ပြည်ထောင်စုမြန်မာနိုင်ငံစီးပွားရေးဦးပိုင်လီမိတက် (The Union of Myanmar Economic Holdings Limited) ကို ၁၉၅၀ ခုနှစ် အထူးကုမ္ပဏီအက်ဥပဒေအရ ဖွဲ့စည်းကြောင်း အမိန့် ကြော်ငြာစာ အမှတ် ၇/၉၀ ဖြင့် ကြေညာခဲ့သည်။ ၁၉၈၈ ခုနှစ် စက်တင်ဘာလ (၁၈)ရက်နေ့ အာဏာသိမ်းပြီး နောက်ပိုင်း တပ်မတော်ကတည်ထောင်ခဲ့သည့် ပထမဆုံးစီးပွားရေးလုပ်ငန်းဖြစ်သည်။

ဦးပိုင်စနစ်

၂။ "ဦးပိုင်" စနစ်ဆိုသည်မှာ မိမိအရင်းထက် အဆပေါင်းများစွာပိုသော လုပ်ငန်းကိုင်ငန်းများကို ဖြန့်ခွဲချုပ်ကိုင် သည့် လက်ဝါးကြီးအုပ်စနစ်ဖြစ်သည်။ စစ်တပ်ဦးပိုင်လီမိတက်သည် အထူးကုမ္ပဏီတခုအနေဖြင့် ၎င်းမှ အပြည့်အဝပိုင် ဆိုင်သော ကုမ္ပဏီများနှင့်ကုမ္ပဏီခွဲများသည် အခွန်ကင်းလွတ်ခွင့် အထူးအခွင့်အရေးကို ရရှိခံစားရမည်ဖြစ်သည်။ သို့သော် တွဲဖက်လုပ်ကိုင်သောကုမ္ပဏီများမှာမူ ဤအခွင့်ထူးကို မခံစားရချေ။ ဦးပိုင်လီမိတက်သည် သေးသေးမွှားမွှားလုပ်ငန်းနှင့် အရှုံးအမြတ်မသေချာသော လုပ်ငန်းမျိုးတွင် မပါဝင်ကြချေ။ဦးပိုင် သည် ဖရစ်ဝါနာ၊ ဒေဝူးတို့နှင့် ဖက်စပ်လုပ်ခြင်းဖြင့် ပွဲဦးထွက်ခဲ့သည်။ ယခု စစ်တပ်ဦးပိုင်လီမိတက်တွင် အစုရှယ် ယာဝင်များက ဒါရိုက်တာရွေးချယ်ခွင့်မည်သို့ရှိကြောင်း ရှင်းအောင် မကြေညာခဲ့ကြောင်း တွေ့ရှိရသည်။

ရည်ရွယ်ချက်

၃။ တရားဝင်ဖော်ပြထားသော ရည်ရွယ်ချက် (၄) ချက်မှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) တပ်မတော်သားများနှင့် ၎င်းတို့၏ မှီခိုသူ ဇနီးသားသမီးများ သက်သာချောင်ချိရေး။

(ခ) စစ်မှုထမ်းဟောင်းများနှင့် ၎င်းတို့၏ မှီခိုသူ ဇနီးသားသမီးများ သက်သာချောင်ချိရေး။

(ဂ)	ပြည်သူလူထု သက်သာချောင်ချိရေးအား အထောက်အကူဖြစ်စေရေး။
(ဃ)	နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူ ဖြစ်စေရေး။
အမှန်တွင်မူ ဦးပိုင်လီမိတက်ကို နဝတ/နအဖ စစ်အုပ်စုက တည်ထောင်လိုက်သည့် ရည်ရွယ်ချက်ထဲတွင် စစ်တပ် အရာရှိကြီးများကသာ ထိပ်ပိုင်းမှ ချယ်လှယ်အကျိုးခံစားရရေး၊ တပ်သားများ၏လခကိုဖြတ်ပြီး အရင်းပြုကာ သွေးစုတ် ရေး စသည်တို့ အလိုလိုပါဝင်ပြီးဖြစ်နေသည်။ အောက်ခြေတပ်မှူးတပ်သားများ၏ဘဝကို အသေခံပဲစားဘဝမှ မြှင့်တင် မည့်ရည်ရွယ်ချက် လုံးဝမပါဝင်ချေ။
ချုပ်ပြောရလျှင် စစ်အာဏာရှင်သက်ဆိုးရှည်ရေးနှင့် စစ်ဗိုလ်ချုပ် မိသားစုများ၏ ရာသက်ပန်အကျိုးစီးပွားအတွက် တိုင်းပြည်၏စီးပွားရေးအသက်သွေးကြောတခုလုံးအား အာဏာဖြင့် လက်ဝါးကြီးအုပ်ရန် ပြင်ဆင်လုပ်ကိုင်ခြင်းပင် ဖြစ် သည်။

ဦးပိုင်ဖွဲ့စည်းပုံ

၄။	ပြည်ထောင်စုမြန်မာနိုင်ငံစီးပွားရေးဦးပိုင်လီမိတက်တွင် ဥသျှောင်အဖွဲ့ ဖွဲ့စည်းပုံနှင့် ဥက္ကဋ္ဌရုံး (ဒါရိုက်တာ အဖွဲ့) ဖွဲ့စည်းပုံဟူ၍ ဖွဲ့စည်းပုံနှစ်ခုရှိသည်။ ဥသျှောင်အဖွဲ့တွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ (တပ်မတော် ကာကွယ်ရေး ဦး စီးချုပ်)၊ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး (ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်)၊ ဒုတိယဗိုလ်ချုပ်ကြီးမင်း အောင်လှိုင် (ကြည်း/ရေ/လေ ညှိနှိုင်းကွပ်ကဲရေးမှူး)၊ ဒုတိယဗိုလ်ချုပ်ကြီးဉာဏ်ထွန်း (ဦးစီးချုပ်-ရေ)၊ ဒုတိယဗိုလ် ချုပ်ကြီးမြတ်ဟိန်း (ဦးစီးချုပ်-လေ)၊ ဒုတိယဗိုလ်ချုပ်ကြီးသိန်းထိုက် (တပ်မတော်စစ်ဆေးရေးအရာရှိချုပ်)၊ ဗိုလ်ချုပ်လှ ရွှေ (တွဲဖက်စစ်ရေးချုပ်) တို့ ပါဝင်သည်။ ဥက္ကဋ္ဌရုံး ဒါရိုက်တာအဖွဲ့တွင် ယခင်က ဒုတိယဗိုလ်ချုပ်ကြီးတင်အေး (ကက ထုတ်) ဖြစ်ပြီး ယခု ဗိုလ်ချုပ်ခင်ဇော်ဦး (စစ်ရေးချုပ်)၊ ဗိုလ်ချုပ်ဝင်းသန်း (ကကဝယ်)၊ ကာကွယ်ရေးဝန်ကြီးဌာန ညွှန် ကြားရေးမှူးရုံးများမှ ညွှန်ကြားရေးမှူးများ၊ အရာရှိချုပ်များ၊ ဒုတိယဗိုလ်ချုပ်ကြီးများနှင့် ဗိုလ်မှူးကြီးများ ပါဝင်သည်။
ပြည်ထောင်စုမြန်မာနိုင်ငံစီးပွားရေးဦးပိုင်လီမိတက် လက်အောက်ရှိ လုပ်ငန်းများအား ဥက္ကဋ္ဌရုံး (ဒါရိုက်တာ)အဖွဲ့ဝင် ပါ ဝင်သော ဗိုလ်မှူးကြီးများ၊ ဒုတိယဗိုလ်မှူးကြီးများမှ မန်နေဂျင်းဒါရိုက်တာများ၊ ဒါရိုက်တာများအဖြစ် တာဝန်ယူဆောင် ရွက်သည်။
စီးပွားရေးဦးပိုင်တွင် တာဝန်ထမ်းဆောင်ကြသော ဝန်ထမ်း (အရာထမ်း/အမှုထမ်း) များ၏ လစာနှုန်းထားများမှာ-

စဉ်	ရာထူး	လစာ	(၁) ရက်ခံစားခွင့်
၁။	အငယ်တန်းစာရေး	၄၇၀၀၀	၁၈၀၀
၂။	အကြီးတန်းစာရေး	၅၃၀၀၀	၁၉၀၀
၃။	ဌာနခွဲစာရေး	၆၀၀၀၀	၁၉၀၀၀
၄။	ရုံးအုပ်	၇၀၀၀၀	၁၉၀၀
၅။	လက်ထောက်မန်နေဂျာ	၁၂၀၀၀၀	၂၅၀၀

၆။	မန်နေဂျာ	၁၃၀၀၀၀	၂၅၀၀
၇။	လက်ထောက်အထွေထွေမန်နေဂျာ	၁၇၀၀၀၀	၂၇၅၀
၈။	အထွေထွေမန်နေဂျာ	၁၈၀၀၀၀	၂၇၅၀
၉။	ဒါရိုက်တာ	၁၉၀၀၀၀	၂၇၅၀
၁၀။	မန်နေဂျင်းဒါရိုက်တာ	၂၁၀၀၀၀	၂၇၅၀

အငယ်တန်းစာရေးမှ ရုံးအုပ်အထိ ရာထူးများသည် အမှုထမ်းများဖြစ်ပြီး လက်ထောက်မန်နေဂျာနှင့်အထက် ရာထူး များသည် အရာထမ်းများဖြစ်သည်။

မြန်မာ့စီးပွားရေးဦးပိုင်လီမိတက် လက်အောက်တွင် တာဝန်ထမ်းဆောင်သော အငယ်တန်းစာရေး၏ လစာမှာ (၄၇၀၀၀) ကျပ်နှင့် တလစားစရိတ်ငွေမှာ (၃၆၀၀၀) ကျပ် (ရုံးပိတ်ရက် ၈ ရက်မပါ) စုစုပေါင်း ၈၃၀၀၀ ကျပ်ရရှိသဖြင့် တပ်မတော်တွင် တာဝန်ထမ်းဆောင်နေသော တပ်ကြပ်ကြီးများထက်ပင် လစာပိုများ နေပါသည်။

မြန်မာနိုင်ငံစီးပွားရေးဦးပိုင်လီမိတက်၏ ဥက္ကဋ္ဌမှာ ဗိုလ်ချုပ်ခင်ဇော်ဦး၊ စီးပွားရေးဦးပိုင်လီမိတက်၏ မန်နေဂျင်းဒါရိုက် တာမှာ ဗိုလ်ချုပ်ဝင်းသန်းဖြစ်သည်။ စီးပွားရေးဦးပိုင်လီမိတက်၏ ဥက္ကဋ္ဌရာထူးအား ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေးတို့၏ စိတ်ချရသောလူယုံများကိုသာ ထားလေ့ရှိသည်။ ဗိုလ်ချုပ်ဝင်းသန်းမှာလည်း ကက ဝယ်မှဖြစ်သောကြောင့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ မီးဖိုချောင်ကို ဖြည့်တင်းပေးနေရသော စပါးကျီနှင့် စတိုးဆိုင်ကြီး၏ မန်နေဂျာသဖွယ် ဖြစ်ပေသည်။

ဒုတိယ မန်နေဂျင်းဒါရိုက်တာမှာ ဒုတိယဗိုလ်မှူးကြီးသန်းထွန်း (DSA 17)၊ ယခင် ဒုတိယဗိုလ်မှူးကြီးမောင်မောင် (DSA 15)၏ နေရာဖြစ်သည်။ ၎င်း၏နေရာသည်လည်း ဝင်ငွေအလွန်ကောင်း၏။ ပစ္စည်းလျှောက်လွှာများအား ၎င်းမှ တဆင့် စီးပွားရေးဦးပိုင်ဥက္ကဋ္ဌသို့ တင်ပြရသည်။ ဒုတိယဗိုလ်မှူးကြီးသန်းထွန်းသည် စီးပွားရေးဦးပိုင်၏ အုပ်ချုပ်ရေး ဌာန အကြီးအကဲလည်းဖြစ်သည်။ ၎င်းသည် အုပ်ချုပ်ရေး၊ စီမံရေး၊ ဝန်ထမ်းခန့်ထားရေးနှင့် ပစ္စည်းလျှောက်လွှာများ အား ကိုင်တွယ်ထားသည်။

ရင်းနှီးမြုပ်နှံမှု ပမာဏ

၅။ အစကနဦး အရင်းအနှီးပမာဏမှာ ၁၉၉၀ ခုနှစ်ခန့်က ကျပ်ကုဋေ့တထောင် (သန်း ၁၀၀၀၀) ရှိသည်။ ဗမာပြည် သမိုင်းတွင် စတင်တည်ထောင်စလုပ်ငန်းတခုအဖို့ အကြီးမားဆုံးအရင်းအနှီးအဖြစ် စံချိန်သစ်တင်လိုက်သည်။

ကုန်သွယ်ရေးဝန်ကြီးဌာန အမိန့်ကြော်ငြာစာအမှတ် ၇/၉၀၊ အပိုဒ် ၄၊၅၊၆ အရ အရင်းအနှီး၏ ၄၀% ကို ကာကွယ်ရေး ဝန်ကြီးဌာန ပစ္စည်းဝယ်ယူမှုညွှန်ကြားရေးမှူးရုံးက ထည့်ဝင်ပြီး ကျန် ၆၀% ကို စစ်တပ်အသိုင်းအဝိုင်းများက ထည့်ဝင် သည်။

ကာကွယ်ရေးဝန်ကြီးဌာန ပစ္စည်းဝယ်ယူမှုညွှန်ကြားရေးမှူးရုံး (ကကဝယ်) က ထည့်ဝင်သည့် ၄၀%၊ တနည်း ကျပ် ကုဋေ ၄၀၀ မှာ ပြည်သူ့ဘဏ္ဍာများဖြစ်သည်။အချုပ်ဆိုရသော် စစ်တပ်အဝန်းအဝိုင်းက (တကယ်စင်စစ်အားဖြင့် စစ် တပ်ထိပ်သီးများက) ပိုင်ဆိုင်ခံစားကြမည့် ရင်းနှီးမြှုပ်နှံမှုကြီးအတွက်

ပြည်သူလူထု၏ငွေ ကျပ်ကုဋေ ၄၀၀ ကို အတိုး မရှိ ဆွဲသုံးလိုက်ခြင်းဖြစ်သည်။
ကျန် ၆၀% ကို စစ်မှုထမ်းဆဲ နှင့် အငြိမ်းစားတပ်မတော်အရာရှိများ၊ စစ်မှုထမ်းဟောင်းအုပ်စုများ
အပါအဝင် တပ်မတော်ပိုင် စီးပွားရေးလုပ်ငန်းနှင့် မိတ်ဆွေအဖွဲ့များက ပိုင်ဆိုင်မည်ဖြစ်သည်။

တိုးပွားလာသည့်အရင်းအနှီးများ

၆။ ၂၀၀၇ ခုနှစ်တွင် ဦးပိုင်၌ authorized capital (တရားဝင်သတ်မှတ်သည့်ငွေရင်း-ကုမ္ပဏီက ထုတ်ပေးမည့် အစု ရှယ်ယာများ၏တန်ဖိုး)မှာ ကျပ်သန်းပေါင်း (၄၀,၀၀၀) နှင့် allotted capital (ခွဲဝေသတ်မှတ်ပေးအပ်ပြီးသောအရင်း) ကျပ်သန်းပေါင်း (၃၉,၀၀၀) ရှိသည်။ ဤအထဲတွင် (ကကန) က ကျပ်သန်း ၈၀၀ ကျော် နှင့် ကကဝယ်က ကျပ်သန်း ၃၃၀၊ လက်ရှိစစ်မှုထမ်း ၃ သောင်းခွဲက ကျပ်သန်း ၁၉၀၀ ကျော်၊ တပ်ရင်းတပ်ဖွဲ့ ၁၅၀၀ ခန့်က ကျပ်သန်း ၃ သောင်း ၃ ထောင်ကျော်၊ အငြိမ်းစားစစ်မှုထမ်း ၆၀၀၀ ကျော်က ကျပ်သန်း ၁၂၀၀၊ စစ်မှုထမ်းဟောင်းအဖွဲ့များက ကျပ်သန်း ၄၀၀ ကျော် ပါဝင်သည်။
ဦးပိုင်သို့ထည့်ဝင်ရမည့် ငွေကြေးအချိုးအစားအရ တပ်ကြီးဆိုရင် သိန်း (၁၀၀၀)၊ တပ်ရင်း/ တပ်ဖွဲ့အဆင့် တပ်လတ် ဆိုရင် သိန်း(၃၀၀) မှ (၅၀၀)၊ တပ်ငယ်ဆိုရင် သိန်း (၂၀၀) မဖြစ်မနေ ရည်မှန်းချက်ထား၍ သတ်မှတ်ကာလတခု အတွင်း စုဆောင်းထည့်ဝင်ရမည်ဟု ညွှန်ကြားချက်ရှိခဲ့သည်။ ဤငွေများကို တပ်ရင်းတပ်ဖွဲ့များက ကိုယ့်အစီအစဉ်နှင့် ကိုယ့်နည်းလမ်းအမျိုးမျိုးဖြင့် ရှာကြရသည်။

အမြတ်အစွန်းများ

၇။ ၂၀၀၆-၀၇ ဘဏ္ဍာရေးနှစ်တနှစ်အတွင်း ဦးပိုင်လီမိတက်သည် အမြတ်ငွေ ကျပ်သန်းပေါင်း ၅ သောင်းခန့် ရှာဖွေ နိုင်ခဲ့သည်။ ဦးပိုင်လီမိတက် ကုမ္ပဏီအားလုံးပေါင်းလိုက်လျှင် ဒီ့ထက်များသည်။ ၁၉၉၅-၉၆ ဘဏ္ဍာရေးနှစ်ကမှ ၃၀% အမြတ်ငွေပြန်ရခဲ့သည်။
သို့သော် သိန်း ၁၀၀၀ အောက်ရှယ်ယာဝင်ထားသည့် တပ်ဖွဲ့များအတွက် တနှစ်လျှင် (၁၂%) အမြတ်ငွေခွဲပေးသည်။ သိန်း ၁၀၀၀ နှင့်အထက် ရှယ်ယာဝင်ထားလျှင်မှ ၂.၅% သာ အမြတ်ခွဲပေးသည်။ ဤအမြတ်ငွေကို သက်ဆိုင်ရာ တပ်မှူးက မိမိ၏တပ်ရင်းတပ်ဖွဲ့အတွက် လိုအပ်သလိုသုံးစွဲနိုင်သည်။ ဥပမာ ယူနီဖောင်း၊ မူကြိုကျောင်း၊ စစ်ဖိနပ် စသဖြင့်။ သို့သော် လွန်ခဲ့သည့် ၅ နှစ်ကတည်းက တပ်ရင်းတပ်ဖွဲ့များသို့ ပေးရမည့်အမြတ်ငွေများအား မပေးတော့ဘဲ ပြန်လည်ရင်းနှီးမြှုပ်နှံရန်အတွက် ထားရှိကြောင်း သိရသည်။
အချို့တပ်ရင်းတပ်ဖွဲ့များမှာ စီးပွားရေးကြပ်တည်းမှုကြောင့် အချိန်မှီပေးသွင်းရန်ခက်ခဲနေရာမှ တပ်မတော်သားတို့၏ ဘဏ်စုငွေများကို လက်လှည့်ယူငင် ပေးသွင်းမှုများ လုပ်ခဲ့ကြသည်။ တပ်မတော်သားတို့ကလည်း စီးပွားရေးအခက် အခဲကြောင့် ဘဏ်စုငွေများ ပြန်ထုတ်လိုသည့်အခါ မပေးနိုင်ဖြစ်ပြီး တပ်တွင်းအမိန့်ဖီဆန်မှုများ ပေါ်ခဲ့သည်။ ဥပမာ-တပ်မ ၁၁။ ဘဏ်စုငွေများကို ဦးပိုင်အတွက် ခေါင်းစဉ်ပြောင်းသုံးမှုအပြင် တပ်မှူးနှင့်တပ်ထောက်တို့က အလွဲသုံးစားမှု

များကြောင့်လည်း တပ်တွင်းမကျေနပ်မှု ဗီဆန်မှုများ ပေါ်ခဲ့သည်။ ဦးပိုင်မှရသည့်အမြတ်ငွေများကို အလွဲသုံးစားမှုများ လည်း ရှိလာသည်။

ဦးပိုင်လုပ်ငန်းများ

၈။ ဦးပိုင်၏လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်သည် (၂၀၀၇ စာရင်း)-
- ဦးပိုင်က အပြည့်အဝပိုင်သည့်လုပ်ငန်း။ ၃၅ ခု
- ဦးပိုင်နှင့်ဖက်စပ်ပိုင်လုပ်ငန်း။ } ၇ ခု
- ဦးပိုင်နှင့်တွဲဖက်လုပ်ကိုင်နေသည့်လုပ်ငန်း။}
- ဦးပိုင်၏လုပ်ငန်းခွဲများ။ ၉ ခု
- ဦးပိုင်နှင့်ချိတ်ဆက် (သို့မဟုတ်) ဦးပိုင်မှ ဘဏ္ဍာငွေထောက်ပံ့ထားသည့် စီမံကိန်းများ ဟူ၍ ခွဲခြားနိုင်သည်။

အချုပ်ဆိုရသော် ပြည်ထောင်စုမြန်မာနိုင်ငံစီးပွားရေးဦးပိုင်လိမိတက်တွင် ရာနှုန်းပြည့်ထောက်ပံ့ထားသော ကုမ္ပဏီလုပ် ငန်းများ နှင့် အကျိုးတူဖက်စပ်ကုမ္ပဏီလုပ်ငန်းများ ဟူ၍ နှစ်မျိုးရှိသည်။

လုပ်ငန်းအမျိုးအစားများမှာ ကျောက်မျက်ရတနာတူးဖော်ရေး၊ရွှေသတ္တုတူးဖော်ရေး၊ ခဲသတ္တုတူးဖော်ရေး၊ အထည်ချုပ် စက်ရုံ၊ သစ်နှင့်သစ်အခြေပြုလုပ်ငန်း၊ စားသောက်ကုန်နှင့်အဖျော်ယမကာလုပ်ငန်း၊ ကုန်သွယ်ရေး၊ ကုန်တိုက်ကြီး များ၊ ဘဏ်လုပ်ငန်း၊ ဟိုတယ်နှင့်ခရီးသွားလာရေး၊ သယ်ယူပို့ဆောင်ရေး၊ ကြေးနန်းဆက်သွယ်ရေးနှင့် လျှပ်စစ် ပစ္စည်း၊ ကွန်ပျူတာ၊ ဆောက်လုပ်ရေး၊ မြေအရောင်းအဝယ်၊ သံမဏိစက်ရုံ၊ ဘိလပ်မြေထုတ်လုပ်ရေး၊ ဆီအုန်း စိုက်ပျိုးရေး၊ သကြားစက်၊ ရေထွက်ပစ္စည်းလုပ်ငန်း၊ မော်တော်ကားစက်ရုံ၊ အလှကုန်နှင့် စာရေးကိရိယာဆိုင်များ စသည်တို့ ပါဝင်သည်။

ကုမ္ပဏီအမည်
ထပ်ဆင့်ကန်ထရိုက်/တွဲဖက်
လုပ်ငန်းအမျိုးအစား
မြန်မာ့ပတ္တမြားလုပ်ငန်း
World Precious Gem Co. Ltd.၊ နီလာရိုးမကုမ္ပဏီ၊ အာရှအဖိုးတန်ကျောက်မျက် ကုမ္ပဏီလီမိတက်၊ မြန်မာစည်သူရတနာကုမ္ပဏီ၊
ဇော်ဇော်ကုမ္ပဏီ၊ ရှမ်းရိုးမ ကုမ္ပဏီ
ကျောက်မျက်ရတနာ တူးဖော်ရေး လုပ်ငန်း (မိုးကုတ်-မိုင်းရှူး-နန်းယား)၊ သပိတ်ကျင်း ရွှေသတ္တုတူးဖော်ခြင်းလုပ်ငန်း၊ မော်ချီး ခဲသတ္တုတူးဖော်ခြင်း လုပ်ငန်း။

မြန်မာ အင်ပီရီယယ်ဂျိတ် ကုမ္ပဏီ လီမိတက်
ရှယ်ယာမိသားစုကုမ္ပဏီ လီမိတက်၊ Gold Gade Gems Co.၊ နီလာရိုးမ ကုမ္ပဏီလီမိတက်
ဆားမော်ကျောက်စိမ်းတူးလုပ်ငန်း၊ ကျောက်စိမ်း ကျောက်မျက်ရတနာ အချောထုတ်လုပ်ခြင်းလုပ်ငန်း။
Myanmar Jade International

ကျောက်စိမ်းရောင်း (ဟောင်ကောင်)
ပျဉ်းမပင်စက်မှုဇုံ

အထည်ချုပ်စက်ရုံများ
Myanmar Segye International Ltd.

အထည်ချုပ်လုပ်ငန်း
Myanmar Daewoo International Ltd.

အထည်ချုပ်လုပ်ငန်း
Myanmar Unimix International Ltd

အထည်ချုပ်လုပ်ငန်း
Hwa Fhu International Ltd.

အထည်ချုပ်လုပ်ငန်း
မြန်မာ့မြေယာနှင့်ဖွံ့ဖြိုးရေးလီမိတက်

စက်မှုလုပ်ငန်းဆိုင်ရာ အိမ်ခြံမြေဆောက်လုပ်ရေး လုပ်ငန်း
Rothmans of Pall Mall Myanmar Pte. Ltd.
Red Ruby စီးကရက်စက်ရုံ၊ ဒူးယားစီးကရက်စက်ရုံ (ပခုက္ကူ)၊
စီးကရက်လုပ်ငန်း
မြဝတီကုန်သွယ်ရေးကုမ္ပဏီ

စီးကရက်ဖြန့်ဖြူးရေးလုပ်ငန်း၊ ဘီယာဖြန့်ဖြူးရေး လုပ်ငန်း၊ စားသုံးဆီ၊ ဓာတ်ဆီ၊ ဒီဇယ်၊
မော်တော်ကား၊ သံမဏိ တို့တင်သွင်းခြင်းလုပ်ငန်း၊ ပဲနှင့်ပဲမျိုးစုံ၊ အဝတ်အထည်၊ ကျောက်မျက်ရတနာ၊
စီးကရက်နှင့် ဘီယာဖူးများ တင်ပို့ခြင်း လုပ်ငန်း၊ နိုင်ငံခြားငွေလဲလှယ်မှုလုပ်ငန်း
မြဝတီဘဏ်

ဘဏ်လုပ်ငန်း
ဗန္ဓုလသယ်ယူပို့ဆောင်ရေးလုပ်ငန်း

ပါရမီပို့ဆောင်ရေး၊ ရှမ်းမလေး၊ ရွှေမန်းသူ၊ ပုသိမ်သူ
ဘတ်စ်ကားလိုင်းလုပ်ငန်း၊ အဝေးပြေးခရီးသည် လုပ်ငန်း၊ ကုန်စည်သယ်ယူပို့ဆောင်ရေးလုပ်ငန်း
မြဝတီခရီးသွားလုပ်ငန်း

ခရီးသွားဝန်ဆောင်မှုလုပ်ငန်း
နဝဒေးဟိုတယ်နှင့် ခရီးသွား လီမိတက်
Central Hotel, Ngwe Saung Beach Hotel, Mogok Motel, နဝဒေး ဟိုတယ်နှင့်ခရီးသွား
အေဂျင်စီ
ဟော်တယ်နှင့် ခရီးသွားလုပ်ငန်း
မြန်မာဘရူဝါရီလီမိတက်
Singapore – Fraser & Neave ကုမ္ပဏီ
ဘီယာနှင့် အရက်ချက်လုပ်ငန်း(မြန်မာဘီယာ၊ အေဘီစီစတောက်ဘီယာ၊ တိုက်ဂါးဘီယာ)
Myanmar Posco Steel Co. Ltd.
တောင်ကိုရီးယား ပိုဟွန်နှင့်သံမဏိ ကုမ္ပဏီ
အမိုးသွပ်ပြားနှင့် ပြောင်သွပ်ပြား
Myanmar Nouveau Steel Co. Ltd.

သွပ်ပြားလုပ်ငန်း
Myanmar Nouveau Co Ltd

ကျောက်မျက်အချောထည်ပစ္စည်းများ ထုတ်လုပ်ရေး
Myanmar Cement Co.
Indonesia – P.T. Semen Cibninong & P.T. Prima Comexindo
ဘိလပ်မြေထုတ်လုပ်ရေး(ဆင်မင်းဘိလပ်မြေစက်ရုံ၊ ကျောက်ဆည်)
ဟံသာဝတီ ဂေါက်ကွင်းနှင့် မြို့တော်ကလပ်

ပဲခူးဒေသ ဟော်တယ်နှင့် ဂေါက်ကွင်းလုပ်ငန်း
Mercury Manufacturing Co. Ltd.

ပလပ်စတစ်ပစ္စည်းများ ထုတ်လုပ်ခြင်း
Myanmar Samgong Industrial Co. Ltd.
South Korea - Samgong Industrial Co.
ရာဘာလေ့ထုတ်လုပ်ရေး
Korean Gas Company with Daewoo

ဓာတ်ငွေ့
Mamee Double Decker Ltd.
မလေးရှား-မာမီးကုမ္ပဏီ
အော်တိုခေါက်ဆွဲထုပ်လုပ်ငန်း
Myanmar Tokiwa Corporation

ခဲတန်နှင့်အလှကုန် ပစ္စည်းများ ထုတ်လုပ်ရေး
Myanmar Kurosawa Trust Co. Ltd.

လက်ဝတ်ရတနာလုပ်ငန်း
Diamond Dragon Co. Ltd.

Berger Paints Manufacturing Ltd
Singapore – Berger International
အိမ်သုတ်ဆေးထုတ်လုပ်ရေး
The First Automotive Co. Ltd.
Isuzu, Mitsugi
မော်တော်ယာဉ်ထုတ်လုပ်ရေးလုပ်ငန်း
Suzuki

မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ် ထုတ်လုပ်ရေးလုပ်ငန်း
Myanmar Forward Support Co.
စင်္ကာပူ– SKS Marketing Pte.
ကုန်သွယ်ရေးနှင့်ကုန်ပစ္စည်းတင်ပို့ လွှဲပြောင်းရေး
NTCY Fair Price Cooperative Ltd

ကုန်တိုက်ကြီးများနှင့်ကုန်ပစ္စည်းများ တင်သွင်းရေး
မြန်မာရာဘာဝုဒ် ကုမ္ပဏီလီမိတက်

သစ်အချောထည်လုပ်ငန်း(မော်လမြိုင်)
တော်ဝင် ပလပ်စတစ် ရက်ထည်အိပ် စက်ရုံ၊
တော်ဝင်ပလပ်စတစ် လူသုံးကုန်စက်ရုံ

ပီနံအိတ်လုပ်ငန်း၊ ပလပ်စတစ်ပစ္စည်းလုပ်ငန်း (ကျောက်ဆည်)
ဂရင်းနိုက် ကျောက်ပြား စက်ရုံ

ကျောက်ပြားလုပ်ငန်း(ကျောက်ဆည်)
ငွေပင်လယ်မွေးမြူရေးနှင့် ရေလုပ်ငန်း ကုမ္ပဏီ

ကြက် ငါး ပုဇွန်မွေးမြူရေးနှင့် ပင်လယ်ငါးဖမ်းလုပ်ငန်း၊ ငှက်သိုက် ထုတ်ယူခြင်း လုပ်ငန်း၊
ရေထွက်ပစ္စည်းပို့ကုန်လုပ်ငန်း၊
မြန်မာ နာနတ်ရည်လုပ်ငန်း

(ပဲခူး)
ဆာလဖြူရစ် အက်စစ်စက်ရုံ

(မုံရွာ)
သကြားစက်ရုံ

(ဥက္ကံ)၊ (အင်းငါးခွ)
ပဒုမ္မာဆပ်ပြာစက်ရုံ

(ပေါင်)
မြဝတီ သောက်ရေသန့်လုပ်ငန်း၊

မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း

၉။ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း (မစက)သည် စစ်တပ်မှ စီမံခန့်ခွဲလုပ်ကိုင်သည့် စီးပွားရေးအဖွဲ့အစည်း နောက်တခု ဖြစ်သည်။ ၎င်းသည် တပ်မတော်၏အလျှို့ဝှက်ဆုံး စီးပွားရေးအဖွဲ့အစည်းတခု ဖြစ်ကောင်းဖြစ်မည်။ ၁၉၈၉ ခု မတ်လတွင် န၀တ အစိုးရသည်

နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းဥပဒေကို ပြဋ္ဌာန်းခဲ့ရာ ဤဥပဒေအရ စီးပွားရေး လုပ်ငန်း ၁၂ ခုကို နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းအဖြစ် လုပ်ကိုင်ရန် အစိုးရ၌သာ အခွင့်အရေးရှိသည်၊ သို့သော် တခြား လူပုဂ္ဂိုလ် သို့မဟုတ် တခြားအဖွဲ့အစည်းတခုခုနှင့် ဖက်စပ်လုပ်ကိုင်နိုင်သည်ဟု ဖော်ပြပါရှိသည်။ ၁၉၉၇ ခု မတ်လတွင် နိုင်ငံတော်မှ ငွေကြေးမထည့်ဝင်ဘဲ ဝန်ထမ်းအဖွဲ့အစည်းတခုခုက အဆိုပါလုပ်ငန်းများကို လုပ် နိုင်သည်ဟု ဥပဒေကိုပြင်ဆင်ပြီးနောက် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းကို ထူထောင်ခဲ့သည်။ တရားဝင်ထုတ်ပြန် သည့် ရည်ရွယ်ချက်မှာ နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးရန်အလို့ငှာ တပ်မတော်၏လိုအပ်ချက်ကို ဖြည့်ဆည်းပေးခြင်းဖြင့် ကာကွယ်ရေးအသုံးစရိတ် လျှော့ချရန်၊ တပ်မတော်စစ်မှုထမ်းများ၏ သက်သာချောင်ချိရေးကို လုပ်ဆောင်ရန်နှင့် တပ် မတော်အတွက် အခြားလိုအပ်သော ကိစ္စရပ်များအကောင်အထည်ဖော်ရန် ဟူ၍ဖြစ်သည်။ (မစက) ကို စစ်ထောက် ချုပ် ဗိုလ်ချုပ်ဝေလွင် ရုံးအောက်တွင်ထားရှိသည်။ (မစက) ၏ ကနဦးရင်းနှီးမြှုပ်နှံမှုမှာ ကျပ်ငွေ (၁၀) ဘီလျံရှိသည်။

စက်ရုံများ

ဖက်စပ်ကုမ္ပဏီများ

လုပ်ငန်းအမျိုးအစား

သံမဏိစက်ရုံ (အောင်လံ) (မြောင်းဒကာ) (အင်းစိန်ရွာမ) (မြင်းခြံ)၊

ဘိလပ်မြေစက်ရုံ (မြိုင်ကလေး) (ကျောက် ဆည်)၊

စကျင်ကျောက်ပြားစက်ရုံ (မန္တလေး)၊

ဂရင်းနိုက်ကျောက်ပြားစက်ရုံ (လှိုင်ကော်)၊

အောက်ဆီဂျင်စက်ရုံ (ရန်ကုန်)၊

သကြားစက်ရုံ (ကန့်ဘလူ) (တောင်စဉ်အေး) (အောင်လံ) ၊

မက်သနောစက်ရုံ (ကန့်ဘလူ)၊

အမိုးပြားစက်ရုံ (အင်းတကော်)၊

ရန်ကုန်ဆေးဝါးစက်ရုံ (မှော်ဘီ)၊

ဒဂုံဘီယာချက်စက်ရုံ (ရွှေပြည်သာ)၊

SIGMA ဝါယာစက်ရုံ (လှိုင်သာယာ)၊

ကျောက်မီးသွေးစက်ရုံ (မောတောင်)၊

ဂေါဒန်မိုင်း (သီပေါ) (ထုံးဘို)၊

သစ်အချောကိုင်စက်ရုံ (စစ်ကိုင်း)၊

အင်းဝဘဏ်၊ အင်းဝထရေးဒင်း၊

မြန်မာ အပြည်ပြည်ဆိုင်ရာအာမခံ ကော်ပိုရေးရှင်း၊

ရတနာချင်းတွင်းသတ္တုတွင်းကုမ္ပဏီ၊

Northern Star Minerals Production & Trading Co., Ltd.၊
သဘော်ာဖျက်စက်ရုံ (သီလဝါ)၊
ကုန်စည်ခန့်ခွဲခြင်းလုပ်ငန်း (ရန်ကုန်)၊
Tyazhpromexport Co., Ltd.
Daniele Corp.
Italian-Thai Corp.
Daewoo International Corp.
Myanmar Hyosing Corp. (SK Network Corp.)
Hyosung Singapore Pte. Ltd.
Kawasaki Plant Systems Ltd.
Sinaran Corp.
Grade Nine Co., Ltd.
Myanmar Tractors Ltd.
YMCC Yunnan
K-Y Kyaw Kyaw Co., Ltd.
Zuri Co., Ltd.
Moon Ray Co., Ltd.
VSV Asia Co., Ltd.
Superium Enterprise Co., Ltd.
JFE Co., Ltd.
Marubeni Co., Ltd.
Sojit Co., Ltd.
Polyice Co., Ltd.
GMT Co., Ltd.
Golden Star Co., Ltd.
PEG Co., Ltd.
Diethelm Co., Ltd.
MCM
Chem Tech Co.
IE Petroleum Products Co., Ltd.
Flying Sun Moon Co.
Tractors World Co.
KSS

ဒဂုံဝင်းဝင်း၊ သံလွင်၊ မြန်မာကိုင်ဒို၊ ငွေဆင်
သံမှို တံတားဘောင် သံဆူးကြိုး သံရိုင်း ထုတ်လုပ်ရေး၊
ကုန်သွယ်ရေးနှင့်ကူးသန်းရောင်းဝယ်ရေးလုပ်ငန်း၊ စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းကုန်သွယ်ရေးလုပ်ငန်း၊
ဝန်ဆောင်မှုလုပ်ငန်း၊ ဘဏ်လုပ်ငန်း၊ အာမခံလုပ်ငန်း၊
စက်မှုထုတ်ကုန်ထုတ်လုပ်ရေးလုပ်ငန်းနှင့်ဆောက်လုပ်ရေးလုပ်ငန်း၊ သတ္တုတူးဖော်ထုတ် လုပ်ရေး၊
ဟော်တယ်လုပ်ငန်း၊ ရေနံနှင့် သဘာဝ ဓာတ်ငွေ့လုပ်ငန်း၊ သွင်းကုန်-ထုတ်ကုန်လုပ်ငန်း၊

အခြားစီးပွားရေးလုပ်ငန်းများ

၁၀။ စစ်လက်နက်ပစ္စည်း ညွှန်ကြားရေးမှူးရုံး၊ ထောက်ပံ့နှင့်ပို့ဆောင်ရေး ညွှန်ကြားရေးမှူးရုံး၊
ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး တို့ကလည်း
တရားဝင်စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်နေကြသည်။

ကကနက်

ကကပံ့

ကကပြည်

တပ်မတော် ချည်မျှင်စက်ရုံ (မိတ္ထီလာ)၊
တပ်မတော် အထည်ချုပ်စက်ရုံ (မင်္ဂလာဒုံ)၊
တပ်မတော် မိုးရေကာဖျင်စက်ရုံ (သမိုင်း)၊
တပ်မတော် ရှူးဖိနပ်စက်ရုံ (သမိုင်း)၊ တပ်မတော်ချည်မျှင်စက်ရုံ (သမိုင်း)၊တပ်မတော်ဘောလုံးစက်ရုံ (မှော်ဘီ)၊ တပ်မတော်သတ္တုပစ္စည်းစက်ရုံ(အုတ်ကျင်း)၊ တပ်မတော် သားရေစက်ရုံ (မန္တလေး)၊
တပ်မတော် ဆေးဝါးစက်ရုံ (မှော်ဘီ) ၊

တပ်မတော် လွှက်စက်ရုံ (နမ့်ဆန်) (သံတောင်) (ရန်ကုန်)၊
တပ်မတော်စည်သွပ်စက်ရုံ (မန္တလေး)(သံတွဲ)၊
တပ်မတော် ပုဇွန်ငါးပိနှင့်ငါးချဉ်စက်ရုံ (မှော်ဘီ)၊ တပ်မတော်ဘီစကွတ်နှင့်ခေါက်ဆွဲစက်ရုံ(မှော်ဘီ)၊
တပ်မတော်ရမ်စက်ရုံ (ရွှေပြည်သာ)၊ တပ်မတော်ဂျုံမှုန့်စက်ရုံ (ညြဘာ)၊
ပျဉ်းမပင် နို့ထွက်ပစ္စည်းစက်ရုံ၊
မြဝတီပုံနှိပ်တိုက်၊
မြဝတီရုပ်သံ

၁၁။ အဆင့်အသီးသီးရှိ တပ်ရင်းတပ်ဖွဲ့များသည် စီးပွားရေးလုပ်ငန်းများတွင် ဆက်လက်ပါဝင်

လုပ်ကိုင်နေကြ သည်သာမက တိုးချဲ့၍ပင် လုပ်ကိုင်နေကြသည်။ အောက်ခြေအဆင့်တပ်ဖွဲ့များ၌ စားသောက်ဆိုင်လုပ်ငန်းနှင့် အခြား အိမ်တွင်းမှုလုပ်ငန်း စသည့် သာမန်စီးပွားရေးလုပ်ငန်းများအပြင်၊ အချို့တပ်ရင်းများသည် ရေခဲစက် သို့မဟုတ် ကုန်း လမ်းသယ်ယူပို့ဆောင်ရေး စသည့် အငယ်စားလုပ်ငန်းများတွင် ပါဝင်လုပ်ကိုင်နေကြသည်။ တပ်ပိုင်အဆောက်အဦး၊ လျှပ်စစ်ဓာတ်အားသာမက ကုန်တင်ကားများကိုပင် စီးပွားရေးလုပ်ငန်းအတွက် ငှားရမ်းသည့်ကိစ္စ အများအပြား ရှိ သည်။

၁၂။ သို့သော် အကျိုးခံစားခွင့်ရရှိသည့် တပ်ရင်းတပ်ဖွဲ့များအကြား နေရာအတော်များများ၌ ကွာဟမှုရှိပုံပေါ်သည်။ ထောက်ပံ့မှုများတွင် အဆမတန်ကွာဟမှုရှိသည်။ တချို့တပ်ရင်းတပ်ဖွဲ့များသည် လစဉ်ထောက်ပံ့ငွေ အတော်အတန် ကောင်းမွန်စွာပေးနိုင်ပြီး အထူးသဖြင့် ဝေးလံခေါင်ဖျားဒေသများရှိ တပ်ရင်းတပ်ဖွဲ့များမှာမူ ငွေသားထောက်ပံ့မှုမှာ အနိမ့်ဆုံးလိုအပ်ချက် ဖြည့်ဆီးနိုင်ရန်ပင်ခက်ခဲလှသည်။ ၂၀၀၀ ခုနှစ်တွင် ၁၅၀၀ ကျပ်မျှသာ ထောက်ပံ့နိုင်ပြီး ၂၀၀၃ ခုနှစ်တွင် ကျပ် (၃၀၀၀) သာ ထောက်ပံ့နိုင်သည်။ ဤဖြစ်ရပ်များမှာ အဖွဲ့အစည်း စည်းလုံးညီညွတ်မှုကို စတင်ခြိမ်းခြောက်နေပြီး၊ တပ်ရင်းဘားတိုက်များတွင် လိုင်စင်မဲ့ ကားများထားပေးခြင်း သို့မဟုတ် စစ်ထရပ်ကားများဖြင့် မှောင်ခိုကုန်များသယ်ယူပေးခြင်း စသည့် ဥပဒေပြင်ပစီး ပွားရေးလုပ်ငန်းများတွင် ပါဝင်လုပ်ကိုင်ရန် တပ်ရင်းတပ်ဖွဲ့များကို အားပေးနေခြင်းလည်း ဖြစ်သောကြောင့်၊ တပ် မတော်ခေါင်းဆောင်ပိုင်းများက တသီးပုဂ္ဂလစီးပွားရေးလုပ်ငန်းများ ရပ်ပစ်ရန် ဆုံးဖြတ်ခဲ့သည်။

၁၃။ "ဝန်ကြီးဌာနများနှင့်ဦးစီးဌာနများသည် ဝန်ထမ်းသက်သာချောင်ချိရေးအကြောင်းပြပြီး ရံပုံငွေရှာဖွေရန် အတွက် စီးပွားရေးလုပ်ငန်းများ ဖွဲ့စည်းရတော့မည်မဟုတ်။ ၂၀၀၃ ခုနှစ်ဒီဇင်ဘာလမှစ၍ ဝန်ထမ်းအားလုံးအတွက် အစိုးရက တဦးလျှင် ကျပ် ၅၀၀၀ လစဉ်အပိုဆောင်းငွေပေးထားပြီးဖြစ်သည့်အတွက် ဤနှစ်ကုန်တွင် စီးပွားရေး လုပ်ငန်းအားလုံး ရပ်ဆိုင်းကြရန်" ဟု ၂၀၀၄ ခုနှစ် စက်တင်ဘာလ (၃၀)ရက်နေ့၊ ကက်ဘိနက်အစည်းအဝေး၌၊ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လမ်းညွှန်ချက်ပေးခဲ့သည်။ စိုက်ပျိုးရေးလုပ်ငန်းများမှလွဲ၍ စီးပွားရေးလုပ်ငန်းအားလုံးနှင့် တပ်ရင်းရံပုံငွေနှင့်ဆက်စပ်သည့် တရားဝင်ပိတ်ပင်ထားသည့်လုပ်ငန်းများကို ၂၀၀၄ ခုနှစ် မတ်လ (၃၁)ရက်နေ့တွင် အဆုံးသတ်ရန် ဒီဇင်ဘာလတွင် ကာကွယ်ရေးဝန်ကြီးဌာနက တပ်မတော်တပ်ရင်းတပ်ဖွဲ့အားလုံးသို့ ညွှန်ကြားချက် ထုတ်ပြန်ခဲ့သည်။ ဤအမိန့်သည် စီးပွားရေးလုပ်ငန်းအချို့အား ဝန်ကြီးဌာနများ သို့မဟုတ် အဖွဲ့အစည်းအသီးသီးသို့ လွှဲပြောင်းပေးရန်နှင့် မလွှဲပြောင်းသည့်လုပ်ငန်းများအားလုံး ဖျက်သိမ်းပစ်ရန် ဖြစ်သည်။

မြန်မာ့စီးပွါးရေးဦးပိုင်လီမိတက်နှင့်နိုင်ငံတော်ဘဏ္ဍာ

၁၄။ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး (နိုင်ငံတော်အေးချမ်းသာယာရေးကောင်စီအဖွဲ့ဝင်

နှင့်ကာကွယ်ရေးပစ္စည်း ထုတ် လုပ်ရေးအရာရှိချုပ်) မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်၏ဥက္ကဋ္ဌ တာဝန်ယူပြီးနောက် ၂၀၀၂ ခုနှစ်ကစ၍ သဘာဝ ဓာတ်ငွေ့မှ အမေရိကန်ဒေါ်လာငွေ ၅ ဘီလီယံခန့် (သန်း ၅၀၀၀) ထိုင်းနိုင်ငံအစိုးရထံမှ အတိုးရောအရင်းပါရရှိခဲ့သည်။ နောက်ပိုင်းလည်း နှစ်စဉ်ပုံမှန်ရရှိခဲ့ပါသည်။ ရရှိသောငွေများကို ထိုင်းနှင့်စင်္ကာပူရှိ မြန်မာသံရုံးများ၏ သံတမန် အခွင့်အရေးအောက်တွင် သီးခြားဘဏ်ငွေစာရင်းများဖွင့်၍ သဘာဝဓာတ်ငွေ့မှရသောငွေများကိုသွင်းရသည်။ အဆိုပါသီး သန့်ဘဏ်ငွေစာရင်းများကို ထိပ်တန်းလျှို့ဝှက်အဆင့်သတ်မှတ်ကာ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်၏ဥက္ကဋ္ဌ ဒုတိယ ဗိုလ်ချုပ်ကြီးတင်အေးမှ တာဝန်ယူရသည်။

အဆိုပါဘဏ်ငွေစာရင်းများမှ စစ်တပ်နှင့်ပတ်သက်၍ လေယာဉ်များအပါဝင်အဆင့်မြင့်လက်နက်ကြီးငယ်များ၊ အနုမြူ နှင့်ဒုံးလက်နက်ကိစ္စများကို မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်က စစ်တပ်အတွက် ဝယ်ယူပေးရသည်။ သုံးစွဲခွင့်အမိန့် အာဏာကို ဗိုလ်ချုပ်မှူးကြီးသန်းရွှေမှပေးကာ ချက်လက်မှတ်ကို ဒုတိယဗိုလ်ချုပ်ကြီးတင်အေးက ထိုးပေးရပါသည်။ ဘဏ္ဍာရေးဝန်ကြီးဌာနသို့ အဆိုပါဘဏ်ငွေစာရင်းများမှ လွှဲပြောင်းပေးသည်။ ထို့ကြောင့် နိုင်ငံတော်ဘဏ္ဍာကို မြန်မာ့ စီးပွားရေးဦးပိုင်လီမိတက်က ထိမ်းထားသည့်သဘောဆောင်သည်။ တနည်းဆိုရသော် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက် သည် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ထင်သလို ငွေကိုသုံးနိုင်ရန် စာရင်းစစ်၍မရသော အဖွဲ့စည်းတခုဖြစ်နေပြီး စစ်တပ်ကို ကျောထောက်နောက်ခံပြုထားသော စီးပွားရေးလက်ကိုင်ဒုတ် တခုလည်း ဖြစ်သည်။

စစ်တပ်ဦးပိုင်လီမိတက်အပေါ် သုံးသပ်ချက်

၁၅။ နိုင်ငံတော်အာဏာကို စစ်တပ်ဖြင့် သိမ်းယူထားချိန်တွင်စစ်ဗျူရိုကရက်များ၏ စီးပွားရေးအတွက် အစစအရာ ရာ အာမခံချက်ရှိနေသည်။ ပြည်တွင်းပြည်ပ ကြိုက်သလို ရင်းနှီးမြှုပ်နှံကြသည်။ ကြိုက်ရာနိုင်ငံနှင့် ဆက်သွယ်နိုင် သည်။ ဖုံးချင်သလောက်ဖုံး၊ ထုတ်ပြောချင်သလောက် ထုတ်ပြောနိုင်သည်။ စေတလုံးပိုင်နေကြသည်။ ထို့ပြင် နိုင်ငံရေးပင်စင်ဥပဒေဆိုသည်မျိုး အပါအဝင် ၎င်းတို့ထင်သလို ဥပဒေများထုတ်ပြန်ပြီး ကြိုက်သလိုခံစားနိုင်ကြသေး သည်။

၁၆။ သို့သော် ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲကာလပြီးပါက အရပ်သားတချို့ပါဝင်သော အစိုးရသစ်လက်သို့ အာ ဏာကို လွှဲရမည်လိုလို ဖြစ်လာသောအခါတွင်မူ ယခင်အခွင့်အရေးမျိုးများအတွက် အာမခံချက်များနည်းလာနိုင် သည်။ ထို့ကြောင့် စစ်တပ်အဝန်းအဝိုင်းတခုလုံးအတွက် (အထူးသဖြင့် စစ်ဗိုလ်ချုပ်ကြီးများ၏ မိသားစုအတွက်သာ) စီးပွားရေးအရ လဒတသောင်းနားနိုင်သော သစ်ပင်ကြီးတပင် ရှိဖို့လိုလာသည်။ အနည်းဆုံး ခြေမမြဲတောင် လက်တော့ မြဲစေရမည်။ ဤသို့သောဟာကွက်ကို ဖြည့်ဆည်းရန်မှာ ကိုယ့်လက်ထဲအာဏာရှိတုန်း စီစဉ်ဖန်တီးရလျှင် အလွယ်ဆုံး အကောင်းဆုံးပင် မဟုတ်ပါလော။

၁၇။ ထို့ပြင် ဤဦးပိုင်လီမိတက်ကို လက်ညှိုးထိုးပြီး စစ်ဗိုလ်ချုပ်များအနေဖြင့် ၎င်းတို့နည်းမျိုးစုံဖြင့်

ရရှိထားသော ငွေမည်းများကို တရားဝင်အောင် ပွဲထုတ်နိုင်ပေတော့မည်။ ထိုင်း၊ ဖိလစ်ပိုင်စသည့် နိုင်ငံများမှ စစ်အုပ်စုများ လုပ် လေ့ရှိသလို အောက်ခြေကို စားကြွင်းစားကျန်လေးများနှင့် ချွေးသိပ်ရန်စီစဉ်ခြင်းပင်။

၁၈။ နောက်ပြီး မူလက ကြေးစားဆန်ဆန် လစာဆိုသည့်အနှောင်အတဲ တခုထဲနှင့်ဖွဲ့စည်းထားသည့် စစ်တပ်အား စည်းလုံးစေရန် နောက်ထပ်သံယောဇဉ်အနှောင်အတဲတခု ထပ်ဖြည့်လိုက်ခြင်းဟုလည်း ဆိုနိုင်သည်။ တပါတည်းတွင် တပ်ထဲမှာပဲ ဆက်ရှိရှိ၊ တပ်အပြင်မှာပဲရှိရှိ အားလုံးတလှေထဲစီး၊ တခရီးထဲသွားချည်းဘဲ၊ ထို့ကြောင့် စစ်အုပ်စုထိပ်သီး ပိုင်း၏ တသွေး၊ တသံ၊ တမိန့်ကို နာခံရန် အမြဲအသင့်ရှိရေးဆိုသော စိတ်ဓါတ်ကို ခံစားခွင့်ပြုပြီး ရိုက်သွင်းပေးနေခြင်း လည်း ဖြစ်သည်။ အရေးကြီးသည့် နောက်အကြောင်းတကြောင်းမှာ နောင်မှာပေါ်ပေါက်လာနိုင်သည့် အရပ်သားအစိုး ရအပေါ်တွင် စစ်အုပ်စုနှင့်စစ်တပ်က ဘက်စုံ၌ မားမားကြီးမိုးနေနိုင်အောင် ပြင်ဆင်နေသည့် အစီအစဉ်များထဲမှ တခုဖြစ်သည် ဆိုသည့်အချက်ဖြစ်သည်။ နောင် မည်သည့်အစိုးရတက်လာလာ စစ်အုပ်စုနှင့် စစ်ဗျူရိုကရေစီယန္တယား မှာ စစ်ရေးအရ (ထို့ကြောင့် နိုင်ငံရေးအရပါ) မလွဲမရှောင်သာ အသိအမှတ်ပြုရသော အင်အားတရပ်သာမကတော့ဘဲ စီးပွားရေးအရပါ အသိအမှတ်ပြုနေရာပေးရသည့်အဖြစ်မျိုး ဆိုက်လာပေရော့မည်။

၁၉။ ဤစစ်တပ်ဦးပိုင်လီမိတက်သည် လက်တွေ့တွင် နဂိုကမှ အဆင့်အတန်း အင်မတန်ကွာခြားနေသော စစ်တပ် ထိပ်ပိုင်းနှင့် အောက်ခြေတို့အား ပိုမိုကွာခြားစေမည်သာဖြစ်ရာ ရေရှည်တွင် အောက်ခြေက ထိပ်ပိုင်းကို မကျေနပ်မှုများ ပေါ်ပေါက်စရာ အကြောင်းတကြောင်းလည်း ဖြစ်လာမည်မှာ သေချာသည်။ အချို့တပ်ရင်း/တပ်ဖွဲ့မှူးများအနေဖြင့် မိမိတို့၏ရှယ်ယာထည့်ဝင်ရေးရည်မှန်းချက် ကျပ်သိန်း(၅၀၀) သိန်း (၃၀၀) စသည်များပြည့်မှီရေးအတွက် အောက်ခြေ စစ်သည်များ၏ စားဝတ်နေရေး၊ သက်သာချောင်ချိရေးတို့အား ဖြေရှင်းမှုမပြုနိုင်တော့ဘဲ (၁၂)ရာခိုင်နှုန်းရရှိသည့် ဦးပိုင်အမြတ်ငွေများဖြင့် အစုရှယ်ယာများ ထပ်မံဝယ်ယူပေးခဲ့ရပါသည်။ တပ်ရင်းမှူးများအနေဖြင့် မိမိ၏ရာထူးတက် လမ်းအတွက် အစုရှယ်ယာသတ်မှတ်ချက်များပြည့်မှီရေး အသဲအသန်ရှာဖွေခဲ့ရပါသည်။ ဆိုးရွားသည့်အကျိုးရလဒ်မှာ တပ်မ ၁၁ ရှိ ခမရ (၂၁၄/၂၁၅) တပ်ရင်းမှူးတချို့က စစ်သည်များ၏ ဘဏ်စုဆောင်းငွေများကို ကာယကံရှင်များ မသိ လိုက်ရဘဲ ဦးပိုင်ရှယ်ယာများဝယ်ယူရေးအတွက် တပ်ရေးဗိုလ်ကြီးများကို လျှို့ဝှက်ထုတ်ယူစီစဉ်ခိုင်းလိုက်သဖြင့် ပေါက်ကြားသွားပြီးပြဿနာများ ဖြစ်ခဲ့ရပါသည်။
မြန်မာစီးပွားရေးဦးပိုင်လီမိတက်အောက်ရှိ စက်ရုံများတွင်လည်း ဒုတိယဗိုလ်မှူးကြီးများ၊ ဗိုလ်မှူးကြီးများ စက်ရုံမှူး အဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိရာတွင် အကျိုးအမြတ်ရရှိသောစက်ရုံများ ရှိသကဲ့သို့ နှစ်စဉ်အမြဲတမ်း အရှုံးပြနေ သော စက်ရုံများ၊

လုပ်ငန်းများလည်း များစွာရှိသည်။ အရှုံးပြရခြင်း၏ အဓိကအကြောင်းအရင်းများမှာ စက်ရုံလုပ်ငန်းများအတွက် နိုင်ငံခြားမှတင်သွင်းလာသော ကုန်ကြမ်းပစ္စည်းများမှာ အရည်အသွေးမှီသော်လည်း ရန်ကုန်ဆိပ်ကမ်းသို့ ကုန်ကြမ်းပစ္စည်းများ ရောက်ရှိလာပြီဆိုသည်နှင့် နိုင်ငံခြားမှ တင်သွင်းလာသည့် တာဝန်ရှိသူများနှင့် စက်ရုံမှူးများ လက်ဝါးချင်းရိုက်ကာ ဘုရင့်နောင်ပွဲရုံတန်းသို့ ပို့လိုက်ကြပါသည်။ အရည်အသွေးပြည့်မှီသော ကုန်ကြမ်းများအား အရည်အသွေးညံ့သည့် ကုန်ကြမ်းများနှင့် အစားထိုးလိုက်ပါတော့သည်။ ပလပ်စတစ်ရက်ထည်အိတ်စက်ရုံနှင့် ပလပ်စတစ်လူသုံးကုန်စက်ရုံများဆိုလျှင် နိုင်ငံခြားမှ အရည်အသွေးမှီကော်စေ့များအား ရောင်းစားပြီး လမ်းဘေးတွင် စွန့်ပစ် ထားသော ပလပ်စတစ်အဟောင်းများ ဝယ်ယူ၍ ပြန်လည်အသုံးပြုသည်ပင် ရှိပါသည်။ စက်ရုံမှူးများသည် အရည် အသွေးမှီကုန်ကြမ်းများ ရောင်းစားရသည်ကိုပင် အားမရသေးဘဲ စက်ရုံမှထွက်ရှိသည့် ကုန်ချောပစ္စည်းများကိုပင် အောက်ခြေဝန်ထမ်းများနှင့် ပူးပေါင်းကာ ခိုးရောင်းလိုက်သေးသည်။ အရည်အသွေးစစ်ဆေးရေး (QC) အဖွဲ့အား စက်ရုံမှူးများမှ ညှိထားပြီးဖြစ်သည်။

၂၀။ မူလက တပ်မတော်နှင့်တပ်မတော်သားများအကျိုးအတွက်ဟုပြောဆိုကာ ဖွဲ့စည်းခဲ့သော်လည်း လက်တွေ့ တွင်မူ ဗိုလ်ချုပ်ကြီးများနှင့်၎င်းတို့မိသားစု ဆွေမျိုးသားချင်းတစုသာ ကုဋေကြွယ်သူဌေးကြီးများ၊ ဇောတိကများ ဖြစ် သွားစေခဲ့ပြီး အောက်ခြေရဲဘော်အများစုမှာ အများပြည်သူနည်းတူ ဆင်းရဲမွဲတေမှုများနှင့်သာ နပန်းလုံးနေကြရပေ သည်။ သာမန်တပ်မတော်အရာရှိများ၊ စစ်သည်များ၊ စစ်မှုထမ်းဟောင်းများနှင့် ပြည်သူလူထုနှင့် ရဟန်းသံဃာ တော်များ အမှန်တကယ်ကျောင်းသင်္ကန်းဆောက်ရန်၊ အိမ်များဆောက်လုပ်ရန်၊ နေအိမ်ဆောက်လုပ်ခွင့်များ ပါမစ်များ ဖြင့်ဘိလပ်မြေလျှောက်ထားသော်လည်း အလွယ်တကူရရှိခြင်းမရှိ။ ဆင်မင်းဘိလပ်မြေစက်ရုံ၏ သွင်းဈေးမှာ (၃၀၀၀) ကျပ်သာ ဖြစ်သော်လည်း ပြင်ပဈေးနှုန်းမှာ (၄၀၀၀) မှ (၄၅၀၀) ကျပ်အထိ ရှိသည်။ ၎င်းဈေးနှုန်းများမှာ ဘိလပ်မြေပွဲ စားများမှ စက်ရုံတွင်ဝယ်ယူသော ဈေးနှုန်းဖြစ်ပြီး ပွဲရုံသို့ရောက်ရှိပါက ကျပ် (၅၀၀၀) မှ (၅၅၀၀) ကျပ် အထိ ရှိသည်။ အခွင့်ထူးခံတပ်မတော်အရာရှိကြီးများနှင့် မိသားစုဝင်များ လျှောက်ထားပါက အနည်းဆုံး အိတ် (၃၀၀၀) မှ အိတ် (၅၀၀၀၀) ထိ ရရှိကြသည်။ ထိုမျှမကသေး ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးတို့၏ တပည့် များ ဖြစ်သော အိမ်တော်ပါသက်တော်စောင့်အရာရှိများနှင့် စစ်သည်များအား လစဉ် တဦးလျှင် အိတ်(၁၀၀၀) နှုန်း ထုတ်ယူခွင့်ပြုထားပါသည်။

၂၁။ ၂၀၁၀ ခုနှစ် အတုအယောင်ရွေးကောက်ပွဲမှ တက်လာမည့် ဘောင်းဘီချွတ် အရပ်ဝတ်ဗိုလ်ချုပ်ဟောင်းများ သာ ကြီးစိုးသည့် အစိုးရသစ်အနေဖြင့်လည်း ရာသက်ပန်တပ်မတော်ထိပ်သီးကြီးနေရာမှာ စိုးမိုးနေရာယူထားသည့် တပ်ချုပ်ကြီးသန်းရွှေနှင့်ဒုတပ်ချုပ်ကြီးမောင်အေးတို့၏ အာဏာစက်အားမလွန်ဆန်နိုင်သဖြင့် ၎င်းတို့၏အကျိုးစီးပွား များနှင့် တသားတည်းဖြစ်နေသည့် ဦးပိုင်ကုမ္ပဏီကြီးကို အသက်နှင့်ရင်းကာ ကာကွယ်ကြပေဦးမည်မှာ မြေကြီး လက်ခတ်မလွဲ ဖြစ်ချေသည်။ သို့သော် လွှတ်တော်(၃)ရပ်တွင်

တက်ရောက်လာမည့် အရပ်သားလွှတ်တော် အမတ် များအနေဖြင့် မြန်မာ့စီးပွားရေးအပေါ် ဦးပိုင်နှင့်စီးပွားရေးကော်ပိုရေးရှင်းတို့၏ စီးပွားရေးချယ်လှယ်လွှမ်းမိုးမှုအား မေး ခွန်းများထုတ်မှာကို မလွဲကေန်ကြုံတွေ့ ရင်ဆိုင်ရမည်ဖြစ်ပါသည်။ မေးခွန်းများကို မဖြေနိုင်ပါက စုံစမ်းစစ်ဆေးရေးအဖွဲ့ များနှင့် ရင်ဆိုင်ကြုံတွေ့နိုင်ပြီး အထူးသဖြင့် ဦးပိုင်အတွင်း ငွေကြေးရှုပ်ထွေးမှုပြဿနာဂယက်ကြီးမားလာပါက တပ် မတော်အတွင်း ပေါက်ကွဲမှု ဖြစ်လာနိုင်ပါသည်။

၂၂။ တပ်မတော်တွင်းက အောက်ခြေရဲဘော်များနှင့်ပြည်သူလူထုအဖို့မူ ပြည်သူတို့သွေးချွေးများဖြင့် ပေကျံနေ သော ဤစစ်တပ် ဦးပိုင်လီမိတက်ကြီးကို မချစ်သော်လည်း အောင့်ကာနမ်းရပေဦးတော့မည်။

မောင်တင့်တယ်